
ချစ်ကြိုးရယ်တဲ့ပိုင်
wine

## ချစ်ကြိုးရယ်တဲ့ပိုင်

ခပ်ယဲ့ယဲ့ဝိညာဉ်လေးတစ်ခုပါ

နာကျင်နေဆဲ နှလုံးသားနဲ့လူပါ

သံယောဇဉ်ပဲဖြစ်ဖြစ် ချစ်ခြင်းမေတ္တာပဲဖြစ်ဖြစ် ကိုယ့်ဘက်ကသာ ချည်ပြီး ရစ်ပတ် ထုံးဖွဲ့မှုမရှိသော အခြားဘက်များစွာကို တွယ်နှောင်ရသူပါ။

နာကျင်မှုဆို ထုပ်ပိုး သိမ်းဆည်း ပျော်ရွှင်စရာသာ ဝေမျှချင်တာပါ…။

ခပ်ယဲ့ယဲ့ဝိညာဉ်လေးတစ်ခုပါ

ခိုနားရာ ပျောက်ဆုံးနေတဲ့ လေလွင့်ဝိညာဉ်လေးတစ်ခုပါ

နွေးထွေးမှု ငတ်မွတ်နေတဲ့ အေးခဲလုလု ဝိညာဉ်လေးတစ်ခုပါ

မီးအိမ်ရှင်ကင်းမဲ့တဲ့ ဥပေက္ခာရပ်ဝန်းထဲမှာပါ…။

ထွေးပွေ့မြတ်နိုးသူမရှိရင် အချိန်မရွေး ကြွေလွင့်သွားနိုင်တဲ့

ခပ်ယဲ့ယဲ့ဝိညာဉ်လေးတစ်ခုပါ…။

***

တိမ်ပြာပြာဆန်းဒေးတစ်ရက်၏ ရာသီဥတုသာယာပုံမှာ ကမ္ဘာလောက တစ်ခွင်လုံး လှပနေသည့်အလားပင် ထင်မှတ်ရသည်။ ညင်သာစွာ တိုက်ခတ်လာသည့် ခပ်မြူးမြူး လေပြည်အသွေးတွင် သစ်ရွက်ကလေးများ က တေးသံသာ သံပြိုင်သီကာ စက္ကူပသာဒဖြစ်စွာ ကခုန်နေကြ၏။ သစ်ရွက်တို့၏ တေးသံသာကြောင့် သူရိန်နေမင်းသည်ပင် ပျော်ရွှင်နေသည်ထင် … ခပ်နွေးနွေး ရောင်ခြည်များ ဖြာကျနေပုံမှာ တစ်စုံတစ်ရာကို

ကောင်းချီးပေးနေသည့်နှယ်...။

လောကဓာတ်တစ်ခွင် ရှိရှိသမျှအရာအားလုံးမှာ ကြည်နူး ဆွတ်ပျံ့ဖွယ် ကောင်းနေသည့်နှယ်...။

သတ္တလောကကြီး၏ ချိုမြိန်မှုက ရေချိုးခန်းထဲမှ မေမီဝိုင်၏ ခံစားချက်နှင့် တိုက်ရိုက် အချိုးကျနေ၏။ ဘဲဥသဏ္ဍာန် ရေချိုးကြွေကန်ထဲတွင် မျက်လုံး မှိတ်ကာ ခပ်တိုးတိုး သီချင်းညည်းနေသည့် မေမီဝိုင်၏မျက်နှာပေါ်မှ အပြုံး တို့တွင် ချိုမြိန်မှုနှင့် ပျော်ရွှင်မှုတို့ ဆတူ ပေါင်းစပ် ရောယှက်လျက်။

ဝိုင် ရေချိုးပြီးနောက် မတ်တတ်ရပ်လိုက်ပြီး bathrobe ကိုဆွဲဝတ်၍ ခါး ကို ကြိုးချည်လိုက်သည်။ ဘေစင်ရှိမှန်ကိုကြည့်ရင်း မှန်ထဲတွင်ပေါ်နေသည့် သူ့ပုံရိပ်အား မျက်လုံး မှိတ်ပြလိုက်၏။ ထို့နောက် မှန်ကြည့်ကာ ပို့စ်အမျိုး မျိုး ပေးနေသည်မှာ ဤကြေးမုံသည် အလိုအလျောက် မှတ်တမ်းတင်ပေး နိုင်သည့် ကင်မရာတစ်ခုအလား...။

ဝိုင် သည်လိုလုပ်နေပုံကို ပိုင် မြင်လျှင် ပြောဦးမည်။ ဝိုင် ရေချိုးပြီးလျှင်ပြီး ချင်း ချက်ချင်း ပြန်ထွက်မလာလျှင် မှန်ရှေ့တွင် အလုပ်များနေ၍ ဆိုသည်ကို ပိုင်နားလည်သည်။ ထိုအခါ ရေချိုးခန်းတံခါးကို ဖွင့်ခိုင်း၍ အထဲဝင်လာပြီး ဝိုင့်ကို ဆူတတ်၏။ ပိုင် ဘယ်လိုပဲဆူနေပါစေ ... ဝိုင်၏ ရုပ်ပြောင်ကလေး တွင် သူပါ ဝိုင်နှင့်အတူ မှန်ရှေ့ရပ်ပေးရသည်ချည်းသာ ဖြစ်သည်။ ရံဖန်ရံခါ ဝိုင့်ပခုံးအား နောက်မှ သိုင်းဖက်ကာ ဝိုင့်ဦးခေါင်းထက် မေးတင်လျက်၊ ရံဖန်ရံခါ ဝိုင်နဲ့ ပါးချင်းအပ်လျက်၊ ရံဖန်ရံခါ ဝိုင့်ခါးကိုဖက်တွယ်ကာ ဝိုင့် ပခုံးထက် မေးတင်လျက်၊ ရံဖန်ရံခါ ဝိုင့်လည်တိုင်တစ်လျှောက် ပြင်းရှစွာ စုပ်ယူကိုက်ခဲလျက်...။

ယခု ပိုင်မရှိ။ ပိုင်မရှိသော်လည်း ဝိုင် အခါတိုင်းလို မှန်ရှေ့တွင် ကြာနေ၍ မဖြစ်ချေ။ ရေချိုးခန်းထဲတွင် ကြာနေသဖြင့် အအေးပတ်သွားလျှင် ဝိုင့်ရဲ့ပိုင်

ကလေး ဝမ်းနည်းရလိမ့်မည်။

အတိအကျဆိုလျှင် ပိုင့်နာမည်မှာ စာလုံးလေးလုံးနှင့်ဖြစ်သည်။ သို့သော် ပိုင်သည် မေဓီဝိုင်ကို "ဝိုင်" ဟု ခေါ်သကဲ့သို့ ဝိုင်သည်လည်း သူ့အား "ပိုင်" ဟုပင် အဖျားဆွတ်ကာ ခေါ်လိုက်သည်။

ပိုင်... ဝိုင့်ရဲ့ပိုင်။

နှုတ်ဖျားမှ တီးတိုးရွတ်ဆိုလိုက်တော့ ရွှေရင်အစုံက လှိုက်လျက်ခုန်ကာ နှလုံးသားတစ်ခုလုံး ပိုင့်ပုံရိပ်တို့ဖြင့် ပြည့်နှက်သွားရ၏။

ဝိုင်နှင့်ပိုင်၏ ပထမဆုံး တွေ့ဆုံမှုမှာပင် ပိုင်သည် ဝိုင့်သူရဲကောင်းကြီး ဖြစ်ခဲ့ရ၏။ ထိုနေ့က မိုးသည်းထန်စွာ ရွာသွန်းနေသည်။ မိုးသည်းနေ့၏ ညီအစ်ကို မသိတသိအချိန်တွင် လမ်းပေါ်၌ ခွေးတစ်ကောင် ကြောင်တစ်မြီးမျှပင် မရှိလေတော့။

သို့သော် ခြွင်းချက်အနေဖြင့် လူတစ်ယောက်တော့ ရှိနေပါသေးသည်။ ထိုလူမှာ မေဓီဝိုင်ဆိုသည့် ဝိုင် ဖြစ်သည်။

ထိုနေ့က ဝိုင့်ကောင်လေးက ဝိုင့်ကိုဖြတ်သွားသဖြင့် ဝိုင် အသည်းကွဲကာ မိုးရေထဲ လျှောက်သွားနေခြင်း ဖြစ်သည်။ ကိုယ့်ပတ်ဝန်းကျင်မှာပင် မဟုတ် ... မည်သည့် အရပ်ဒေသမှန်း မသိသည့် လမ်းကြားတစ်ခုထဲတွင် ဖြစ်သည်။ ထိုနေ့က ဝိုင့်ခံစားချက်မှာ "တစ်ခုခုဖြစ်ရင်လည်း ဖြစ်ပါစေ... သေလည်း အေးတာပဲ" ဟူ၍။

ဝိုင် သေသွားတော့ရော ဘယ်သူကများ ဝမ်းနည်း ပူဆွေးနေမှာလဲ။ ဘယ်သူကများ လွမ်းဆွတ် တမ်းတနေမှာလဲ။ မိဘများ မရှိတော့သည့်နောက် ပိုင်း မိဘအမွေကိုပင် သာတူညီမျှ မဆက်ခံခဲ့ရသည့် တစ်မိသားစုလုံး၏ အပယ်ခံ ဝိုင်...။ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက် ရှိသော်လည်း သူ

တို့တွင် မောင်နှမနှစ်ယောက်သာ ရှိသည်ဟူသည့် ကွေးကြော်သံများကြား မွေးချင်းရှိ တစ်ကောင်ကြွက် ဖြစ်နေခဲ့သည့် ဝိုင်...။

တစ်ဘဝလုံးစာရည်ရွယ်ပြီး ချစ်ခဲ့ရသည့် ချစ်သူကပင် ပစ်ခွာသွားပြီး နောက် ဝိုင် ဘာကိုဖက်တွယ်ပြီး သည်အထီးကျန်ကမ္ဘာကြီးထဲမှာ နေနေရ မှာလဲ။ ချက်ချင်း သေသွားလေ ဝိုင်ကြိုက်လေပဲ။ သို့သော် ဝိုင် ဖြစ်ချင်သည့် အတိုင်း မဖြစ်ခဲ့ဘဲ မမျှော်လင့်ထားသည်သာ ဖြစ်ခဲ့ရ၏။

ဝိုင် လမ်းကြားလေးမှထွက်ကာ လမ်းမပေါ်ကို တက်လိုက်သည်။ လမ်းဘေး သစ်ပင်အောက်တွင် အလယ်တွင် အရက်ပုလင်းတစ်လုံး ထောင်၍ လူသုံးယောက် ထိုင်နေကြ၏။ ဝိုင့်ကိုမြင်လိုက်သည်နှင့် ဖြစ်ပေါ် သွားသော အကြည့်များကြောင့် ဝိုင် ကြောက်လွန်း၍ ကြက်သီးများပင် ထ သွားရ၏။

ဝိုင်က သေပဲသေရဲတာ... ဘဝတော့ အပျက်မခံရဲဘူးလေ။

"ငါ့ဆီ မလာကြပါစေနဲ့" ဟု ကျိတ်ကာ ဆုတောင်းရင်း ဟန်မပျက် ဆက် လျှောက် သွားလိုက်သည်။ သို့သော် ဝိုင့်ဆုတောင်းများ မပြည့်ခဲ့ပါ။ ထိုလူ သုံးယောက်သည် နောက်မှလိုက်လာပြီး ဝိုင့်ကို ဗလက္ကာရပြုရန် ကြိုးစား ကြသည်။

ဝိုင်သည် ပျော့တိပျော့ဖပ်နှင့် လူကောင်သေးသေး အသက် ၂၀ အရွယ် မိန်းကလေးတစ်ယောက် ဖြစ်သည်။ မည်မျှပင် ကြိုးစားပါသော်လည်း ဝိုင့် ခွန်အားဖြင့် ထိုသူတို့လက်မှ လွတ်မြောက်ရန် မဖြစ်နိုင်ပေ။

"ငါ့ဘဝတော့ ရေတိမ်နစ်ပါပြီ" ဟု စဉ်းစားမိချိန် ဆိုင်ကယ်တစ်စီးသည် လီဗာသံ ကြမ်းကြမ်းပေးလျက် ဝိုင်တို့အနားသို့ ရောက်လာသည်။ ဆိုင် ကယ်က တရကြမ်း ဝင်လာသည်ကြောင့် ထိုလူသုံးယောက် နောက်ဆုတ် သွားကြသည်။ ဝိုင်နှင့်သူတို့ကြားတွင် ဝိုင့်ကိုပတ်ကာ မောင်းနေသည့် ဆိုင်

ကယ်ကြောင့် သူတို့ ဝိုင့်အနားသို့ ထပ်ကပ်ရန် မဖြစ်နိုင်တော့ချေ။ ထို့နောက် all black နှင့် ဆိုင်ကယ်သမားသည် ဝိုင့်ကို ဆိုင်ကယ်ပေါ်တက်ခိုင်းကာ ထိုလူများ၏အန္တရာယ်မှ ကယ်တင်ပေးခဲ့သည်။

ဤသို့ဖြင့် ပထမဆုံး တွေ့ဆုံမှုမှာပင် ပိုင်သည် ဝိုင်၏ ကယ်တင်ရှင်သူရဲကောင်းလေး ဖြစ်ခဲ့ရ၏။ သို့သော် မည်သူမှန်းမသိသည့်သူစိမ်း ခေါ်ရာသို့ အားကိုးတကြီး လိုက်မိသည့် အတွက်တော့ အဆူခံလိုက်ရသေး၏။

နောက်ဆို သူများခေါ်တိုင်း မလိုက်ရဘူး ... လူတိုင်းက သူ့လိုမဟုတ်ဘူးတဲ့လေ။

ထိုအချိန်မှစ၍ ပိုင်သည် ဝိုင့်ဘဝ အမှောင်ကျရတော့မည့် အချိန်တိုင်း အလိုအလျောက် အလင်းဆောင်ပေးလာသည့် မှော်ဝင်ဖယောင်းတိုင်ငယ်လေး ဖြစ်လာခဲ့၏။

***

ပိုင့်အကြောင်း စဉ်းစားမိသည်နှင့် ဝိုင့်မျက်နှာ ကြည်ကြည်လင်တွင် ပန်းနုရောင် အပြုံးလေးများ ပွင့်ဖူးလာရ၏။ ဝိုင် မှန်ထဲမှ မိမိကိုယ်ကိုယ် အလှဆုံးပြုံးပြလိုက်ပြီး အပြင်ထွက်ခဲ့လိုက်သည်။ ဝိုင် အပြင်ရောက်သည်နှင့် ဝိုင့်အား စောင့်နေသည့်မမနီက ဆူပါတော့သည်။

"ကြာလိုက်တာ ဝိုင်ရယ် ... ရေချိုးတာ ဒီလောက်ပဲ ကြာရတယ်လို့"

ဝိုင် ဘာမှမပြောဘဲ မှန်တင်ခုံရှေ့ရှိ မမနီ စီစဉ်ပေးထားသည့် ခုံပေါ်တွင် ဝင်ထိုင်လိုက်သည်။ မမနီကတော့ ဝိုင့်ရှေ့တည့်တည့်တွင်ရပ်လျက် ဝိုင့်အား မျက်ခုံးမွေးရိတ်ပေးရန် ဓားထုတ်နေသည်။

"မျက်ခုံးမွေးက မရိတ်လို့မရဘူးလား မမ"

"ရိတ်မှလှမှာပေ့ါ။ ဘာလို့လဲ"

"ဟို… ပိုင်က မကြိုက်လို့…"

မမနီအား မျက်နှာချိုသွေး အသနားခံပြသော်လည်း မမကတော့ မရိတ်ရင် မလှဘူးဆိုကာ အတင်း ရိတ်ပေးတော့သည်။ မျက်ခုံးမွေးရိတ်ပြီးနောက် ဝိုင် မှန်ကြည့်လိုက်သည်။ ကြည့်ရသည်မှာ တစ်မျိုးဖြစ်နေ၍ ဝိုင့်မျက်နှာ ရှုံ့မဲ့သွားလေ၏။ ပိုင်ပင်မဟုတ် ဝိုင်ကိုယ်တိုင်သည်လည်းပဲ မျက်ခုံးမွေးရိတ်ရခြင်းကို ဘဝင်မကျပါချေ။

မမနီသည် ဝိုင့်အား ချော့မော့ကာ မျက်ခုံးမွေးဆွဲပေးလေသည်။ ထို့နောက် မျက်နှာကို အခြေခံ လိုအပ်သည့်အဆင့်များ လိမ်းပေးသည်။ မမနီ လိမ်းပေးသည်များကို ငြိမ်ခံရန် မျက်လုံးမှိတ်လိုက်တော့ အတွေးထဲ ရောက်လာသည်က ပိုင့်မျက်နှာ…။

ပိုင်သည် အနေတည်သကဲ့သို့ မျက်နှာထားလည်း တည်ကြည်၏။ ပိုင့်ကို ချောသည်ဟု ပြောရမည်လား၊ လှသည်ဟု ပြောရမည်လား ဝိုင်မဝေခွဲတတ်ပေ။ ရံဖန်ရံခါ ပိုင့်ကို ငေးကြည့်နေရင်းမှ ချောလိုက်တာဟု စိတ်ထဲမှ ရေရွတ်မိသကဲ့သို့ ရံဖန်ရံခါတွင်တော့ "အလှလေးပိုင်" ဟုပင် နှုတ်ထွက်ခေါ်ဆိုတတ်သေး၏။

ပိုင့်အသားအရေသည် ပိုင့်မျက်ဝန်းများကဲ့သို့ ကြည်လင်၏။ ပိုင့်နှုတ်ခမ်းရဲရဲသည် ပါးလှပ်၏။ သွားတန်းဖြူဖြူများ၏ ရှေ့ညာဘက်အဆုံးတွင် သွားချွန်ချွန်လေးရှိနေပြီး ပိုင်ရယ်မောလိုက်မှသာ ထိုသွားချွန်လေးကို မြင်တွေ့ခွင့်ရနိုင်၏။ မျက်တောင် ခပ်ပါးပါးသာပါသည့်ပိုင်သည် အင်္ဂလိပ်အက္ခရာ "V" သဏ္ဌာန်နှင့်ဆင်သည့် မျက်နှာကျမျိုးရှိ၏။ အင်္ကျီအပေါ်ဆုံးကျယ်သီးကို ဖြုတ်ထားတိုင်း မြင်နေရသည့် လည်တိုင်မှ sexy bone လေးများကလည်း ဆွဲဆောင်မှု ရှိလွန်းလှ၏။

မထူမပါး ကော်ဖီရောင် ဆံနွယ်ပျော့ပျော့များကို ပိုင်ဆိုင်ထားပြီး သပ်ရပ်

စွာ ဖြီးသင်ထားတတ်၏။ ရံဖန်ရံခါ အပေါ်တစ်ဝက်ခွဲ၍ နောက်၌ စည်းထားတတ်၏။ ခေါင်းလျှော်ပြီးသည့် အခါမျိုးတွင်တော့ ထိုဆံနွယ်များသည် ရှေ့သို့ကျကာ မျက်နှာတစ်ခြမ်းဖုံးနေပြီး ပါးပြင်တစ်ဝက်အထိ ညီညာခြင်းမရှိစင်းကျနေတတ်၏။

ထိုအချိန် တစ်ဖက်တည်းသာ ပေါ်နေသည့် ပိုင့်မျက်ဝန်းကြည်ကြည်တို့ကို ဝိုင်သည် လက်ညှိုးလေးဖြင့် သွားသွားမိုတ်ရသည်ကို သဘောတွေ့လေ၏။ ဝိုင် ထိုသို့လုပ်တိုင်း ပိုင်သည်လည်း အပြုံးလေးဖြင့် ငြိမ်ခံတတ်ရှာ၏။ ရုတ်တရက် ရင်ခွင်ထဲဆွဲသွင်းကာ အနမ်းမိုးများ သွန်းကာချလျှင်ဖြင့် ပိုင့်နှလုံးအိမ်၌ လိပ်ပြာလေးများပင် တလှုပ်လှုပ် တဖျတ်ဖျတ် ပျံကာ ဝဲရ၏။ ရယ်သံချိုချိုတို့ ဧည့်ခန်းအနှံ့ ပျံ့လွင့်နေတတ်၏။

၅ ပေ ၉ လက်မ အရပ်နှင့် ပိုင်သည် ခြေတံရှည်၊ လက်တံရှည်များကို ပိုင်ဆိုင်ထား၏။ ပိုင့်လက်ချောင်းများ၏ ရှည်သွယ်ကာ လှပနေမှုသည် လက်ကလေးမြင်ရုံနှင့် စွဲလမ်းသွားရဖို့ပင် လုံလောက်၏။ သို့သော် ထို "အလှလေးပိုင်" သည် မာနကြီး၏။

ပိုင်နှင့်ပထမဆုံးတွေ့ဆုံမှုတွင် ဝိုင်သည် အသည်းကွဲနေသော မိန်းကလေးတစ်ယောက် ဖြစ်ခဲ့သည်။ ထိုညက ပိုင်သည် ဝိုင့်ကို အိမ်တိုင်ရာရောက်လိုက်ပို့ခဲ့သည်။ အံ့ဩစရာ ကောင်းစွာပင် ပိုင်နှင့်ဝိုင်သည် အဆင့်မြင့်ကွန်ဒိုတစ်ခု၌ အပေါ်ထပ် အောက်ထပ်နေကြသူများ ဖြစ်နေသည်။ တစ်ထပ်တွင်တစ်ခန်းသာရှိသည့် ကွန်ဒိုတွင် ဝိုင်သည် ငါးလွှာတွင် နေသူဖြစ်ပြီး ပိုင်ကတော့ ခြောက်လွှာမှဟု သိရသည်။ ဤ တိုက်ဆိုင်မှုကပင် ဝိုင်တို့အတွက်ခင်မင်ရင်းနှီးသည့် မိတ်ဆွေများ ဖြစ်လာစေရန် အကြောင်းဖန်လာခဲ့သည်။

တစ်ခါတစ်ရံ ပိုင့်အခန်းတွင် ချက်ပြုတ် စားသောက်တတ်သလို တစ်ခါတစ်ရံ ဝိုင့်အခန်းတွင် ချက်ပြုတ် စားသောက်ဖြစ်သည်။

အေးအေးဆေးဆေးနှင့် သီးသန့် နေတတ်သည့်ပိုင်သည် ဝိုင့်အနွံတာကို တော့ ခံပေးရှာသည်။ စိတ်ပျော့ကာ အားငယ်တတ်သူ ဝိုင့်အားလည်း စောင့်ရှောက် ပေးရှာသေး၏။ တစ်ခါတစ်ရံ ဝိုင်၏ ပေါက်ကရရှစ်ဆယ်များ တွင်လည်း မျက်လုံးလေး ကလည်ကလည်ဖြင့် ပါဝင်အား ဖြည့်ပေးတတ် သေး၏။ သို့သော် ပိုင်သည် သင်ယူတတ်မြောက်မှု မြန်ဆန်လှ၏။

ဝိုင်သည် Library & Café လေး တစ်ဆိုင်ဖွင့်ထားပြီး ကိုယ်တိုင်လည်း အချို့သော platform များတွင် စာရေးတတ်သေး၏။ Normal fiction၊ Boy Love fiction၊ Girl Love fiction စသည်ဖြင့် နှလုံးသားမှ ပေါက်ဖွားလာ သည့် ခံစားချက်များကို မြတ်နိုးစွာ ဖွဲ့သီတတ်သည်။ အထူးသဖြင့် ဝိုင်ရေး သည်က LGBT နှင့် သက်ဆိုင်သည့် စာပေများဖြစ်၏။ Library & Café ဆိုင် ပိုင်ရှင်လေးဝိုင်သည် စာအုပ်ထုတ်ဝေရေး လုပ်ငန်းတစ်ခုကိုလည်း လည်ပတ် နေပြန်ပါသေးသည်။ ဤသည်က ဝိုင်နှင့်မောင်၏ အသည်းကွဲ ဇာတ်လမ်းတစ်ပုဒ် မြစ်ဖျားခံရာ ဖြစ်ခဲ့ရသည်။

တက္ကတီပါဖိနပ်ကလေးစီးကာ ပုဆိုးကိုသာ အစဉ်ဝတ်ဆင်တတ်သော မောင်သည် ဝိုင့်မျက်လုံးထဲတွင် အေးချမ်းပြီး ဆွဲဆောင်မှုရှိခဲ့သည်။ ကြင်နာ တတ်သောမောင်သည် မည်မျှ သဘောကောင်းသည်ဆိုသည်ကို အထူးပင် စာဖွဲ့ပြရန် မလိုတော့ပြီ။ ဝိုင် ဆိုင်ထိုင်ဖြစ်သည့် သောကြာနေ့တိုင်း ဆိုင်သို့ ရောက်လာတတ်သည့်မောင်သည် ဝိုင့်ကို မှသားချိုချိုများဖြင့် မျက်စိစုံမှိတ် ယုံကြည်စေကာ မောင့်တစ်မျက်နှာသာ တစ်ကမ္ဘာ ဖြစ်စေခဲ့သည်။

ရင့်ကျက်သည့်မောင်နှင့် ကလေးဆန်ကာ သဝန်တိုတတ်သည့်ဝိုင်တို့၏ အချစ်ဇာတ်လမ်းလေးမှာ ပျော်ရွှင်စွာ စတင်ခဲ့ပြီး နာကျင်စွာပင် အဆုံးသတ်ခဲ့ရသည်။ တစ်ဘဝစာ ရည်ရွယ်ပါသည်ဆိုသော မောင့်ထံမှ နောက်ဆုံး ဝိုင်ရလိုက်သည်က လက်ထပ်ဖိတ်စာ အိတ်ပြာလေးသာ...။

~~ အဲဒီလူနဲ့ပဲ ရွှေလက်တွဲ ~ အဲဒီလူနဲ့ပဲ ပျော်ပါကွယ် ~~

~~ ထားခဲ့ ထားခဲ့ ပေါင်းဖက်ပါလေကွယ် ~~

~~ ဘုရားသွားကျောင်းတက် ကောင်းမြတ်ပါလေတယ် ဘဝအတွက် ~~

ထိုအချိန် ဝန်းကျင်လောက်က အဆိုတော်ဒိုးလုံး၏ "ရွှေလက်တွဲ" သီချင်းကို နေ့နေ့ညည သီဆိုနေသည့်ဝိုင့်ကို ပိုင်က နားဒုက္ခခံပေးခဲ့သည်။ စိတ်ခံစားချက်ကို ဖော်ပြလေ့မရှိသည့် ပိုင်သည် နွေးထွေးသည့် အပြုအမူများဖြင့် ဝိုင့်အတွက် မိတ်ဆွေကောင်း ပီသခဲ့သည်။ ပိုင့်ရင်ခွင်တွင် ငိုကြွေးခွင့်ရခဲ့သည်။ ဝိုင်သာဆန္ဒရှိလျှင် မောင့်မင်္ဂလာဆောင်ကိုပင် ဝိုင့်လက်ကိုတွဲ၍ လိုက်တက်ပေးမည့် ပိုင်ပါလေ။

***